# သမတအိမ်တော်၊ ရန်ကုန်မြို့

# ၁၉၅၂ခုနှစ်၊ ရှမ်းပြည်နယ်၌ စစ်ဥပဒေခေတ္တထုတ်ပြန်ကျေညာမှုအက်ဥပဒေ။

**[၁၉၅၂ခုနှစ်၊ အက်ဥပဒေအမှတ် ၃၃။]**

**၁၃၁၄ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ရက်။**

**(၁၉၅၂ခုနှစ်၊ အောက်တိုဘာလ ၈ရက်။)**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖေါ် ပြပါအက်ဥပဒေကိုထုတ်ပြန် ကျေညာ သည်။
အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေသည်ရှမ်းပြည်နယ်အတွင်း၌သာ အတည်ဖြစ်ရမည့်အပြင်၊ နိုင်ငံတော်သမတက၊ အမိန့်ထုတ်ပြန်ကျေညာသတ်မှတ်သည့်နေ့တွင် အတည်ဖြစ်ခြင်းမှရပ်စဲရမည်။

၂။ ။ နိုင်ငံတော်သမတက၊ အခါကာလအားလျော်စွာထုတ်ပြန်ကျေညာ၍၊ ထိုကျေညာချက်တွင်သီးခြား ဖေါ် ပြထားသည့်ကာလ အပိုင်းအခြားအတွင်း၊ ရှမ်းပြည်နယ်ရှိအရပ်ဒေသတခုခုကိုဖြစ်စေ၊ အရပ်ဒေသ များကိုဖြစ်စေ၊ စစ်ဘက်ဆိုင်ရာအာဏာပိုင်၏အမိန့်များနှင့် စည်းမျဉ်းဥပဒေများအရ၊ အုပ်ချုပ်စေ ခြင်းငှါ၊ နိုင်ငံတော်သမတက၊ စစ်ဘက်ဆိုင်ရာသို့အပ်နှင်းနိုင်ခွင့်ရှိသည်။

၃။ ။ ပုဒ်မ၂အရ ထုတ်ပြန်ကျေညာသည့်အခါ၊ ထိုကျေညာချက်တွင်သီးခြားဖေါ် ပြထားသည့်နယ်များကို၊ ပြည်ထောင်စုမြန်မာနိုင်ငံ လက်နက်ကိုင်တပ်ပေါင်းစုံစစ်သေနာပတိချုပ်၏ ညွှန်ကြားချက်အရစီရင် အုပ်ချုပ်ရမည်။

၄။ ။ ပုဒ်မ၂အရ ထုတ်ပြန်ကျေညာထားသော နယ်တခုခုတွင်သော်၎င်း၊ နယ်များတွင်သော်၎င်းရှိသောရုံး နှင့်ခုံအဖွဲ့အားလုံးသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ လက်နက်ကိုင်တပ်ပေါင်းစုံစစ်သေနာပတိချုပ်က အခါကာလအားလျော်စွာညွှန်ကြားသည့်အတိုင်းမှတပါး၊ ထိုရုံးနှင့်ခုံအဖွဲ့အားလုံးသို့အပ်နှင်းထားသည့် စီရင်ပိုင် ခွင့်အာဏာနှင့်အခြားအာဏာများကိုသုံးစွဲခြင်းမှချက်ခြင်းရပ်စဲရမည်။ ထိုရုံးများနှင့် ခုံအဖွဲ့များက ထိုသို့ရပ်စဲသည့်အချိန်အထိ သုံးစွဲခဲ့သောစီရင်ပိုင်ခွင့်အာဏာနှင့် အခြားအာဏာများကို ပြည်ထောင်စု မြန်မာနိုင်ငံလက်နက်ကိုင်တပ်ပေါင်းစုံစစ်သေနာပတိချုပ် ဖွဲ့စည်းသည့်ရုံးများနှင့်ခုံအဖွဲ့ များကဆက်ခံသုံးစွဲရမည်။

၅။ ။ ပြည်ထောင်စုမြန်မာနိုင်ငံလက်နက်ကိုင်တပ်ပေါင်းစုံစစ်သေနာပတိချုပ်ကဖွဲ့စည်းသည့်ရုံးတစ်ခုခုက ဖြစ်စေ၊ ခုံအဖွဲ့တခုခုကဖြစ်စေ၊ ချမှတ်သည့်စီရင်ချက်ကို အယူခံဝင်ခွင့်မရှိရ။

၆။ ။ သေဒဏ်သော်၎င်း၊ တကျွန်းပို့ဒဏ်သော်၎င်း၊ ခုနစ်နှစ်ထက်ပိုသောထောင်ဒဏ်သော်၎င်းစီရင် ခြင်းခံရသူတဦးတယောက်သည်၊ မိမိပြစ်ဒဏ်စီရင်ခြင်းခံရသည့်နေ့မှ ဆယ့်ငါးရက်အတွင်း၊ ပြည်ထောင် စုမြန်မာနိုင်ငံလက်နက်ကိုင်တပ်ပေါင်းစုံစစ်သေနာပတိချုပ်ထံ၊ ထိုပြစ်ဒဏ်စီရင်ခြင်းကို ကြည့်ရှုပြင်ဆင် ရန်လျှောက်ထားနိုင်သည်။

၇။ ။ ပြည်ထောင်စုမြန်မာနိုင်ငံလက်နက်ကိုင်တပ်ပေါင်းစုံစစ်သေနာပတိချုပ်ဖွဲ့စည်းသည့်ရုံးတခုခုက ဖြစ်စေ၊ ခုံအဖွဲ့တခုခုကဖြစ်စေ၊ ချမှတ်သောသေဒဏ်အမိန့်ကို၊ ပြည်ထောင်စုမြန်မာနိုင်ငံလက်နက်ကိုင် တပ်ပေါင်းစုံစစ်သေနာပတိက၊ ထိုကိစ္စအလို့ငှါအာဏာအပ်နှင်းထားသည့်အရာရှိတဦးဦးကစာဖြင့် အတည်မပြုလျှင်၊ ထိုသေဒဏ်အမိန့်အတိုင်းဆောင်ရွက်ကွပ်မျက်ခြင်းမပြုရ။

၈။ ။ ပြည်ထောင်စုမြန်မာနိုင်ငံလက်နက်ကိုင်တပ်ပေါင်းစုံစစ်သေနာပတိချုပ်ကဖွဲ့စည်းသည့်ရုံးများ၏၊ သို့တည်းမဟုတ် ခုံအဖွဲ့များ၏ဆောင်ရွက်မှုများနှင့် မှတ်တမ်းများကိုပြည်ထောင်စုမြန်မာနိုင်ငံလက်နက် ကိုင်တပ်ပေါင်းစုံစစ်သေနာပတိချုပ်က၊ အခါကာလအားလျော်စွာညွှန်ကြားသည့်နည်းများအတိုင်း ဆောင်ရွက်ထားရှိရမည်။

၉။ ။ ပုဒ်မ ၂အရ ထုတ်ပြန်ကြေညာထားသော နယ်မြေအတွင်းရှိတရားမရုံးများသည်၊ ထိုကြေညာချက် ပြန်လည်မရုပ်သိမ်းသမျှကာလပတ်လုံး၊ ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ၄ပါ ပြဋ္ဌာန်းချက်များ အလို့ငှါ ပိတ်ထားသည်ဟူ၍မှတ်ယူရမည်။

၁၀။ ။ ပုဒ်မ ၂အရ ထုတ်ပြန်ကြေညာထားသောနယ်မြေအတွင်းရှိတရားရုံးကစီရင်ချမှတ်သောဒီကရီ၊ သို့တည်းမဟုတ် အမိန့်တခုမှပေါ်ပေါက်လာသောအယူခံလွှာများကိုကာလစည်းကမ်းသတ် အက်ဥပဒေ ပဌမဇယားတတိယအကွက်တွင်သီးခြားဖေါ် ပြထားသည့်ကာလအပိုင်းအခြားအတွင်း တင်သွင်းနိုင် သည်။ထိုကာလအပိုင်းအခြားကိုကြေညာချက်ရုပ်သိမ်းသည့်နေ့မှစ၍ ရေတွက်ရမည်။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဘဦး၊
နိုင်ငံတော်သမတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၄ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ရက်။
(၁၉၅၂ခုနှစ်၊ အောက်တိုဘာလ ၈ ရက်။)

အမိန့်အရ၊
ပါစိန်၊
နိုင်ငံတော်သမတ၏အတွင်းဝန်။
[အမှတ် ၈၆]